

# ဖခင်မေတ္တာ သားသစ္စာ

ကျန်စစ်မင်း၏၊ သားရင်းအမှန်
ကေန်ဖြစ်ငြား၊ အလားအလာ
ကြီးရှိနံ့ဝါနှင့်၊ နန်းလျာမဟုတ်
ထိုသရုပ်ကြောင့်၊ စိတ်ယုတ်မမွေး
ချစ်သွေးမပြယ်၊ အံ့ဖွယ်အထူး
မြင်းမိုရ်ဦးကို၊ ကျေးဇူးသိလှ
မြတ်နိုးရသည့် ရာဇကုမာ*
သားရတနာသည်…
မြင်းကပါမည်၊ အရပ်ဆီတွင်
ဖခင်မေတ္တာ၊ နားလည်စွာဖြင့်
အိုနာလွန်ကျူး၊ အထူးနောက်ဆုံး
နိဂုံးအချိန်၊ နှလုံးအိမ်၌
စိုးရိမ်ပူဗျာ၊ ဝေဒနာကို
သက်သာစေရန်၊ ရည်သန်သွန်းပြု
ရွှေဆင်းတုအား၊ ရှေးရှုမပျက်
ထက်မြက်သဒ္ဓါ၊ ဆန်းစွာတစ်မူ
မြတ်အလှူဖြင့်၊ ဂူဘုရားမှာ
ဋ္ဌာပနာတည်၊ ရွယ်ရည်အထူး
မြတ်ကျေးဇူးကို၊ ရှိဦးတင်ကာ
ပေးဆပ်ရှာ၏…။

မြစေတီအနီး၊ ဂူပြောက်ကြီးဟု
ထီးထီးကျော်ကြား၊ ဂူဘုရားသည်
ဝင့်ကြွားအစဉ်၊ ဖခင်ကျေးဇူး
မေတ္တာထူးနှင့်၊ သားဦးသစ္စာ
စေတနာကို၊ ရှည်ကြာဖော်ညွှန်း
ထည်ကာထွန်းသည်၊ မော်ကွန်းသက်သေအမှန်တည်း…။

သမိုင်းအရှိ၊ အများသိရန်
ပါဠိ, ပျူစာ၊ မွန်, မြန်မာနှင့်
ဘာသာလေးမျိုး၊ ရေးထိုးကျောက်စာ
မော်ကွန်းမှာလည်း၊ ရှေးခါပုဂံ
စာပေဉာဏ်ကို၊ အမှန်သိစေ
မှာတမ်းခြွေသည်၊ မြစေတီတွင် မြင်နိုင်၏…။

* ရာဇကုမာရ်မင်းသား